Highlights from DVB Debate’s Sex Workers Protection

December 5, 2015

“Should Sex Workers Protection be legalized?”

“လိင်လုပ်သားတွေဟာ ဥပဒေအရရော လူမှုအသိုက်အဝန်းရဲ့မြင်ပုံအရရော ကျန်းမာရေးစောင့်ရှောက်မှု ရသလိုလိုနဲ့ တကယ်တမ်း မရဘူးဗျ။ အဆိုးဆုံး အဆိုးဆုံးကိစ္စက ကွန်ဒုံးလက်ဝယ်ရှိမှုနဲ့ တရားတော့ မစွဲဘူး ဒါပေမယ့် ဖမ်းတာရှိနေတယ် ဒါက ပြဿနာ”

ဒေါက်တာစစ်နိုင် - Marie Stopes International မြန်မာနိုင်ငံဆိုင်ရာညှိနှိုင်းရေးမှူး

---

“ကျမတို့ လိင်အလုပ်သမားတွေသည်လည်း နိုင်ငံသားတယောက်ပဲ၊ ကျမတို့လည်း အခွင့်အရေးတန်းတူရသင့်ပါတယ်”

ဒေါ်သူဇာဝင်း (ခ) ဇာကြီး - တော်ဝင်ခရေကွန်ရက်ဥက္ကဋ္ဌ

---

“ပြည့်တန်ဆာကာကွယ်ရေး ဥပဒေသစ်ထွက်ဖို့က စိန်ခေါ်မှုက ယဉ်ကျေးမှုထုံးတမ်းစဉ်လာတွေပေါ့”

ဒေါ်နန်းဆန် - ရှေ့နေ (Equal Community Based Legal အစီအစဉ်)

---

“လိင်လုပ်သားတွေကြောင့် ငါတို့ရပ်ရွာနာတယ် သူတို့တွေကို ကြည့်ပြီး ငါတို့သားသမီးတွေ အတုယူမှားမယ်ဆိုတဲ့အမြင်နဲ့ ကြည့်တာမျိုးဟာ သုတေသနစစ်တမ်းတွေနဲ့ ကြည့်ရင် ဒါ မှားကြောင်း သိပါလိမ့်မယ်။ ယဉ်ကျေးမှု ယဉ်ကျေးတယ်ဆိုတာမှာ လူသားချင်းစာနာ နားလည်ပေးမှုဆိုတာမျိုးလည်း ရှိသင့်ပါတယ်”

ဒေါက်တာ စစ်နိုင် - Marie Stopes International မြန်မာနိုင်ငံဆိုင်ရာညှိနှိုင်းရေးမှူး

---

“ကျနော်တို့ ပြည့်တန်ဆာလုပ်ငန်းကို တရားဝင်ခွင့်ပြုပေးမယ်ဆိုရင် ကမ္ဘာပေါ်မှာ ထိုင်းနိုင်ငံဟာ ဘယ်လိုနိုင်ငံလဲဆိုတာ လူတိုင်း သိတယ်နော်”

ဦးတင်မောင် - အငြိမ်းစား ရဲအရာရှိတဦး

“Sex Workers နိုင်ငံမဖြစ်အောင် လုပ်ရမယ် ဆိုတာလည်း မှန်တယ် နောက်တပိုင်းက ဒီကိစ္စတွေဖြစ်လာတာမှာ နိုင်ငံမှာ ဆင်းရဲ ချမ်းသာကွာဟမှု မဖြစ်အောင် အရင်လုပ်ရမယ်။ နိုင်ငံရဲ့ ဂျီဒီပီ တိုးတက်အောင် အရင်လုပ်ရမယ်”

ဒေါက်တာစစ်နိုင် - Marie Stopes International မြန်မာနိုင်ငံဆိုင်ရာညွှန်ကြားရေးမှူး

---

"ပြည့်တန်ဆာလုပ်ငန်းကို တရားဝင်လိုင်စင်ချပေးဖို့ အဆင့်ကတော့ လိုပါဦးမယ်၊ အဓိကက ၁၉၄၉ ခုနှစ် ပြည့်တန်ဆာနှိပ်ကွက်ရေး အက်ဥပဒေကို အရင်ဆုံးဖျက်ရမယ် ဒီဥပဒေကြောင့် လုပ်ငန်းရှင်တွေကလည်း ကြောက်မှာပဲ"

ဦးဖုန်းမြင့်အောင် - အမျိုးသားလွှတ်တော်အမတ်

---

"ပြည့်တန်ဆာကာကွယ်စောင့်ရှောက်တဲ့ ဥပဒေ ထွက်ပေါ်လာဖို့ရာ မြန်မာ့ယဉ်ကျေးမှုဆိုတဲ့ ဂုဏ်ပုဒ်ကို ကိုင်စွဲထားရင် နိုက်ကလပ်တွေ ဘာကြောင့် တရားဝင်ခွင့်ပြုထားလဲ ကေတီဗွီတွေ ဘာကြောင့်ခွင့်ပြုထားလဲ"

မငြိမ်း - လိင်အလုပ်သမားတဦး

---